## ဟသ်ာတခရိုင်တရားရုံး
## ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်
## ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၉

ဦးသိန်းဌေး နှင့် ဦးသန်းလွင်
(တရားလို) (တရားပြိုင်)

တရားလိုအတွက် - ဒေါ်ကြည်ကြည်ဦး၊ အထက်တန်းရှေ့နေ
တရားပြိုင်အတွက် - ဦးမြင့်နိုင်ဦး၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

အမှုမှာ တရားလိုဦးသိန်းဌေးမှ တရားပြိုင်ဦးသန်းလွင်အပေါ်တွင် အစုစပ်လုပ်ငန်းကို ဖျက်သိမ်း၍ စာရင်းရှင်းလင်းခွဲဝေပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

အမှုမှာ ဧရာဝတီတိုင်းဒေသကြီးတရားရုံး၊ ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်- ၇ ဖြစ်ပြီး စီရင်ပိုင်ခွင့်အာဏာများတိုးမြှင့်လိုက်၍ ဟသ်ာတခရိုင်တရားရုံး ၂၀၁၁ ခုနှစ် တရားမကြီးမှု အမှတ်- ၁၉ အဖြစ်ဖွင့်လှစ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတရားရုံး၊ ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်- ၇ တွင် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့က (Cool Flower) အစုစပ်သောက်ရေသန့်စက်ရုံလုပ်ငန်းကို (၃၁-၁-၂၀၀၈)ရက်နေ့တွင် ဖျက်သိမ်းကြောင်းကြေငြာ၍ တရားလိုနှင့် တရားပြိုင်အစုဝင်တို့သည် မိမိတို့ ထည့်ဝင်ထားသော မတည်ငွေများ၏အချိုးအတိုင်းစာရင်းရှင်းလင်းခွဲဝေရယူကြစေရန် ပဏာမဒီကရီ ချမှတ်လိုက်သည်။

(Cool Flower) အစုစပ်သောက်ရေသန့်စက်ရုံလုပ်ငန်း၏အပြီးသတ်အကျိုးအမြတ် များကို မတည်ထည့်ဝင်ထားသည့် မတည်ထည့်ဝင်ငွေ အချိုးအစားအတိုင်းခွဲဝေရယူစေရမည်။

အစုစပ်လုပ်ငန်းစာရင်းရှင်းလင်းရာတွင် မျှတမှုရှိစေရန်အတွက် စာရင်းရှင်းလင်းရေး ကိစ္စများကို နိုင်နင်းစွာဆောင်ရွက်နိုင်သော စာရင်းအင်းကျွမ်းကျင်သည့်ပုဂ္ဂိုလ်အား ကော်မရှင်နာ လူကြီး(စာရင်းဖျက်သိမ်းရေးအရာရှိ)အဖြစ် ခန့်အပ်၍ ယင်းကော်မရှင်လူကြီးမှအစုစပ်လုပ်ငန်းအက် ဥပဒေ ပုဒ်မ ၄၈ ပါပြဋ္ဌာန်းချက်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဟု ပဏာမဒီကရီချမှတ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတရားရုံး၏စီရင်ချက်နှင့် ပဏာမဒီကရီကို ဧရာဝတီတိုင်းဒေ သကြီးတရားလွှတ်တော်၏ ၂၀၁၁ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၂၇ တွင် (၂-၁၁-၂၀၁၁)ရက် နေ့တွင် အတည်ပြုခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် - ၂၂၀ တွင် အဆိုပါစီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလိုစွဲဆိုသောအမှုကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၂ ခုနှစ် တရားမအထူးအယူခံမှု အမှတ်- ၃၈ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ကာ တိုင်း ဒေသကြီးတရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့် ပဏာမဒီကရီ ကို ပြန်လည်အတည်ပြုကြောင်းဖြင့် ၁၁-၆-၂၀၁၃ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည်။

ထို့နောက် ကော်မရှင်နာ တရားလွှတ်တော်ရှေ့နေဦးတင့်ဆန်းနှင့် မြန်အောင်မြို့နယ် စာရင်းစစ်မှူး ငြိမ်း- ဒေါ်ခင်စန်းဝေတို့၏ ကော်မရှင်နာအစီရင်ခံစာအပေါ်တွင် ဤရုံးမှ ၂၄-၇-၂၀၁၅

နေ့တွင် အစုစပ်လုပ်ငန်းတွင် တရားလိုမတည်ရင်းနှီးငွေမှာ (၅၀၈၈၆၈၁၉)ကျပ် ဟုပင် ကော်မရှင်နာ အစီရင်ခံစာကို ပြင်ဆင်အတည်ပြုရမည်ဖြစ်သည်။

တရားပြိုင်ထည့်ဝင်ငွေမှာ(၇၃၅၄၃၀၁၂)ကျပ်ဟု တင်ပြချက်အပေါ် ကော်မရှင်နာ ဦးတင့်ဆန်းတင်ပြသော အစီရင်ခံစာနှင့် ကော်မရှင်နာဒေါ်ခင်စန်းဝေတင်ပြသော အစီရင်ခံစာပါ နှုတ်ပယ်ရမည့်စာရင်းများကို နှုတ်ပယ်ပါက တရားပြိုင်ထည့်ဝင်ငွေမှာ(၁၆၇၇၉၀၈၀)ကျပ်ဟုပင် ကော်မရှင်နာအစီရင်ခံစာအပေါ် အတည်ပြုရမည်ဖြစ်ကြောင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။

ထိုဟသ်ာတခရိုင်တရားရုံး၏ ကော်မရှင်နာအစီရင်ခံစာအပေါ် ပြင်ဆင်ချက်နှင့် အတည်ပြုသည့်အမိန့်အား ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က တရားမပြင်ဆင်မှုအမှတ်-၁၂၃/၂၀၁၅ တွင် "ဤပြင်ဆင်မှုကိုခွင့်ပြုသည်။ တရားလို၊ တရားပြိုင်တို့ ဖျက်သိမ်းစာရင်းရှင်းလင်းခဲ့သော် အစုစပ်လုပ်ငန်းမှာ(Cool Flower)ဖြစ်သည်။ မူလရုံးတရားလိုနှင့် တရားပြိုင်တို့သည် အစုစပ်လုပ်ငန်းကို (၁.၁၂: ၀.၈၈) အချိုးဖြင့် ခွဲဝေယူရမည်။ မူလရုံးတရားလို၏ မတည်ရင်းနှီးငွေမှာ (၅၀၈၈၆၈၁၉)ဖြစ်၍ မူလရုံးတရားပြိုင်၏မတည်ရင်းနှီးငွေမှာ (၄၅၂၅၀၈၉၈) ကျပ်ဖြစ်သည်ဟု ကော်မရှင်နာအစီရင်ခံစာကို ပြင်ဆင်ချက်ဖြင့်အတည်ပြုသည်။ ခရိုင်တရားရုံး၏တရားပြိုင်၏မတည်ငွေမှာ(၁၆၇၇၉၀၈၀)ကျပ်ဟု သတ်မှတ်အတည်ပြုသောအမိန့်ကို ပယ်ဖျက်လိုက်သည်ဟု အမိန့်ချမှတ်ခဲ့သည်။

ထို့ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်အား တရားလို၊ တရားပြိုင်နှစ်ဦးစလုံးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၆ ခုနှစ် တရားမပြင်ဆင်မှုအမှတ်- ၁၈၉၊ ၂၀၁၆ ခုနှစ် တရားမပြင်ဆင်မှုအမှတ်- ၂၃၁ တို့ဖြင့် တက်ရောက်ခဲ့ပြီး ထိုပြင်ဆင်မှုနှစ်မှုလုံးအား ပလပ်ခဲ့သည်။

ထို့နောက် တရားလို၊ တရားပြိုင်နှစ်ဘက်လုံးမှ စာချွန်တော်မှုအမှတ်- ၁၄၀/၂၀၁၆ ဖြင့်လည်းကောင်း၊ ၁၈၈/၂၀၁၆ ဖြင့်လည်းကောင်း တက်ရောက်ကြောင်းတင်ပြကြပြီး ၁၄-၄-၂၀၁၇ ရက်နေ့တွင် တရားလို၊ တရားပြိုင် နှစ်ဘက်လုံးမှ စာချွန်တော်မှုများ ပလပ်ကြောင်း တင်ပြခဲ့ကြသည်။

သို့ဖြစ်၍ ကော်မရှင်နာအစီရင်ခံစာအပေါ်ချမှတ်သည့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၏တရားမပြင်ဆင်မှုအမှတ်-၁၂၃/၂၀၁၅ ပါ အမိန့်နှင့်အညီ အပြီးသတ်ဒီကရီချမှတ်ရမည်ဖြစ်ပေသည်။ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ်- ၁၂၃/၂၀၁၅ တွင် "မူလရုံးတရားလိုနှင့် တရားပြိုင်တို့သည် အစုစပ်လုပ်ငန်းကို (၁.၁၂:၀.၈၈)အချိုးဖြင့် ခွဲဝေယူရမည်။ မူလရုံးတရားလို၏ မတည်ရင်းနှီးငွေမှာ (၅၀၈၈၆၈၁၉)ဖြစ်၍ မူလရုံးတရားပြိုင်၏ မတည်ရင်းနှီးငွေမှာ (၄၅၂၅၀၈၉၈) ကျပ်ဖြစ်သည်" ဟု အမိန့်ချထားသည်။

ထို့ကြောင့် တရားလိုဦးသိန်းဒွေးနှင့် တရားပြိုင်ဦးသန်းလွင်တို့သည် (Cool Flower) သောက်ရေသန့်အစုစပ်လုပ်ငန်းကို တရားလိုဦးသိန်းဒွေးမှ မတည်ရင်းနှီးငွေ(၅၀၈၈၆၈၁၉)ကျပ်ထည့်ဝင်၍လည်းကောင်း၊ တရားပြိုင်ဦးသန်းလွင်မှ မတည်ရင်းနှီးငွေ(၄၅၂၅၀၈၉၈)ကျပ် ထည့်ဝင်လုပ်ကိုင်ကြသည်ဖြစ်၍ ထို(Cool Flower) သောက်ရေသန့်လုပ်ငန်းတွင် တရားလိုဦးသိန်းဒွေး နှင့် တရားပြိုင်ဦးသန်းလွင်တို့သည် (၁.၁၂:၀.၈၈)အချိုးဖြင့် ခွဲဝေယူကြစေရန် အပြီးသတ်ဒီကရီ ချမှတ်လိုက်သည်။

(မြတ်ခိုင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး
ဟသ်ာတခရိုင်တရားရုံး